### [ နည်းဥပဒေ ၅(ဂ) ]

“ ကျွန်ုပ် ----------------သည် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများ ကိုလည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခုကျွန်ုပ်ထမ်းဆောင် မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

## လွှတ်တော်ကိုယ်စားလှယ်များက ကြိုတင်ဝေငှထားသည့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ထံတွင် ကြိုတင်ဝေငှထားသည့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပေးပါရန်နှင့် အစည်းအဝေးပြီးဆုံးပါက ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများမှလိုက်လံသိမ်းဆည်းမည်ဖြစ်ပါ၍ ကတိသစ္စာပြုလွှာများအား မိမိတို့၏စားပွဲများပေါ်တွင် ထားခဲ့ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။
(လွှတ်တော်ကိုယ်စားလှယ်များမှ မိမိတို့စားပွဲတွင်ရှိသည့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

## သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်သဘာပတိမှ နှုတ်ခွန်းဆက်စကား ပြောကြားပေးနိုင်ပါရန် သဘာပတိအား လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**သဘာပတိ။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကျင်းပသော တတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးရွှေတောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်လင်းဆွေ(ခ)ဦးထွန်းထွန်းဦးဖြစ်ပါတယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ကျွန်တော့်အား သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ယနေ့အစည်းအဝေးမှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ပေးအပ်တဲ့သဘာပတိတာဝန်ကို တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေများနှင့်အညီ ကျေပွန်စွာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်

အတူ မှန်ကန်စွာဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး သဘာပတိက အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသွားမှာဖြစ်ပါတယ်။

## အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၇၆)ဦးအနက် (၇၆)ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော် တက်ရောက်သောကြောင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပေးပါရန် သဘာပတိအား လေးစားစွာ တင်ပြအပ်ပါသည်ခင်ဗျား။

**သဘာပတိ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၇၆)ဦးအနက် (၇၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ရာနှုန်းပြည့်ရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ (ခ)အရ အစည်းအဝေးအထမြောက်ကြောင်း နှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅ (ခ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ (သဘာပတိကတူထုသည်။)

## အစည်းအဝေးမတက်ရောက်နိုင်သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**သဘာပတိ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ အစည်းအဝေးမတက်ရောက်နိုင်တဲ့ တိုင်းဒေသကြီးလွှတ်တော်

ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ အစည်းအဝေး မတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

ခွင့်ပန်ကြားသူမရှိသဖြင့် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

**သဘာပတိ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၇၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

"တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား"

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

လွှတ်တော်ကသဘောတူတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

(သဘာပတိကတူထုသည်။)

## ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပုံစနစ်အား ရှင်းလင်းတင်ပြခြင်း

**အခမ်းအနားမှူး။** ။အစီအစဉ်အရ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း အစီအစဉ်အား စတင်ကြောင်းကြေညာပေးပါရန် သဘာပတိအား တင်ပြအပ်ပါတယ်ခင်ဗျား။

**သဘာပတိ။** ။ယနေ့ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန် ယခုအချိန်မှစ၍ စတင်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ပုံနည်းစနစ်အား ကျွန်တော်မှ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ပထမအဆင့်အနေဖြင့် ဥက္ကဋ္ဌအား ရွေးချယ်တင်မြှောက် သွားမည်ဖြစ်ပြီး ဒုတိယအဆင့် တွင် ဒုတိယဥက္ကဋ္ဌအား ရွေးချယ်တင်မြှောက်သွားမည် ဖြစ်ပါတယ်-

(က) ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူး ထံတွင် ထုတ်ယူရပါမည်။

(ခ) အမည်စာရင်းတင်သွင်းသူသည် အမည်စာရင်းတင်သွင်းလွှာတွင် လိုအပ်သည့် အချက် အလက်များဖြည့်သွင်းပြီး အခမ်းအနားမှူးမှတစ်ဆင့် သဘာပတိထံ တင်သွင်းရပါမည်။

(ဂ) အမည်စာရင်းတင်သွင်းသူသည် မိမိအမည်စာရင်း တင်သွင်းလိုသူက ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရမည်။

(ဃ) အမည်စာရင်းတင်သွင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ဆန္ဒမဲပေးပွဲ မကျင်းပမီ ဥက္ကဋ္ဌလောင်းအဖြစ်မှ နုတ်ထွက်နိုင်သည်။

(င) ကျွန်တော်က အမည်စာရင်းတင်သွင်းလွှာများကိုစုစည်း၍ ဥက္ကဋ္ဌလောင်းများ၏ အက္ခရာစဉ် အလိုက် အမည်စာရင်းကို လွှတ်တော်တွင်ပုံစံ(၃) ဖြင့် ကြေညာရမှာဖြစ်ပါတယ်။

(စ) ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာဖြစ်လျှင် ၎င်းအား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာသွားမှာဖြစ်ပါ တယ်။

သို့သော် အမည်စာရင်းတင်သွင်းခံရသူသည် တစ်ဦးထက်ပိုလျှင် ဥက္ကဋ္ဌတင်မြှောက်ရန် ဆန္ဒမဲ လက်မှတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်-

(က) ဆန္ဒမဲပေးပွဲကို လွှတ်တော်အစည်းအဝေးခန်းမအတွင်း လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်သွားမည်ဖြစ်ပါတယ်။

(ခ) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည်ဆန္ဒမဲပေးပွဲအတွက် ဆောင်ရွက်ရမည့်လုပ်ငန်း ကို တာဝန်ယူဆောင်ရွက်သည့် ကြီးကြပ်သူအရာရှိအား အထောက်အကူပြုရန် ဝန်ထမ်း အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။

(ဂ) လွှတ်တော်ရုံးအကြီးအမှူးက ဆန္ဒမဲပေးပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များ၊ ဆန္ဒမဲစာရင်း၊ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းများ၊ ပုံစံများ၊ဆန္ဒမဲပုံးများ ကို ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် အသင့်စီစဉ်ထားပြီး ဖြစ်ပါတယ်။

(ဃ) ကြီးကြပ်သူအရာရှိသည် ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးမည့် လွှတ်တော်ကိုယ်စားလှယ် များအတွက် မိမိလက်မှတ်ရေးထိုး ယူဆောင်လာသော ဆန္ဒမဲလက်မှတ်ပုံစံ(၄)များကို သဘာပတိနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ရေတွက်၍ ပုံစံ(၅)၌ ဖြည့်သွင်းပြုစုပြီး ကျွန်တော်မှလက်မှတ်ရေးထိုး မှတ်တမ်းတင် ထားမှာ ဖြစ်ပါတယ်။

(င) ဆန္ဒမဲပေးပွဲမစတင်မီ နည်းဥပဒေ၈(ခ)အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းများသည် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများ

အတွင်း မည်သည့်အရာမျှမရှိကြောင်း ထင်ရှားအောင်ပြသပြီး ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ မြင်နိုင်လောက်သော နေရာများတွင် ထားရှိရမည်။

(စ) လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲလက်မှတ် ပုံစံ(၄)ကို ဆန္ဒမဲလက်မှတ်ထုတ်ယူရန် သတ်မှတ်ထားသောနေရာများရှိ တာဝန်ရှိဝန်ထမ်းများထံမှ လက်ခံရရှိကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုးရယူ၍ သတ်မှတ်ထားသောနေရာတွင် လျှို့ဝှက်ဆန္ဒပြုရမည်။ ယင်းသို့ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအားမှင်ဖြင့် အမှန်အမှတ်အသား (✔) ပြု၍လည်းကောင်း ကန့်ကွက်သူအား မှင်ဖြင့် ကြက်ခြေအမှတ်အသား(✘)ပြု၍ လည်းကောင်း မိမိကိုယ်တိုင်ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်ရမှာဖြစ်ပါတယ်။

(ဆ) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် ဆန္ဒမဲလက်မှတ်ပေါ်တွင် မှားယွင်းရေးသားမိလျှင် ယင်းဆန္ဒမဲလက်မှတ်ကိုပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ်ကို လဲလှယ်ပေးရန် တောင်းခံနိုင်ပါသည်။ ထိုသို့ လဲလှယ်သည့်နေရာ၌ပင် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် သဘာပတိရှေ့မှောက်တွင် ဆန္ဒမဲလက်မှတ်အဟောင်းကို ဖျက်ဆီးပစ်ရပါမည်။ ဖျက်ဆီးသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ကို ကြီးကြပ်သူအရာရှိက ပုံစံ(၇)တွင် ဖြည့်သွင်းပြုစု၍ ကျွန်တော်မှ လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားမှာ ဖြစ်ပါတယ်။

(ဇ) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ(၆)ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိ သည့် ဆန္ဒမဲလက်မှတ်အရေအတွက် ကိုက်ညီမှု ရှိ/မရှိ ကြီးကြပ်သူအရာရှိက စိစစ်ရမည်ဖြစ်ပါသည်။ ပုံစံ (၆)ဖြင့် ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ်အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ကပိုနေကြောင်း ကြီးကြပ်သူအရာရှိက တင်ပြလာလျှင် သဘာပတိသည် ဆန္ဒမဲပေးပွဲ အထမမြောက်ကြောင်းနှင့် ဆန္ဒမဲပေးပွဲအသစ်ပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာရမှာဖြစ်ပါတယ်။

(ဈ) အကယ်၍ ပုံစံ(၆)ဖြင့်ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်က လျော့နည်းနေပါက လျော့နည်းနေသည့် အရေအတွက်ကိုလည်းကောင်း၊ လျော့နည်းသည့် ဆန္ဒမဲလက်မှတ်မရှိပါက မရှိကြောင်းကိုလည်းကောင်း၊ ကြီးကြပ်သူအရာရှိက သဘာပတိထံ တင်ပြလာသည့်အခါ သဘာပတိက ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာ၍ ဆန္ဒမဲလက်မှတ်များကို ဆက်လက် ရေတွက်သွားမှာဖြစ်ပါတယ်။

(ည) ဆန္ဒမဲပေးရာတွင် အောက်ပါဆန္ဒမဲအမျိုးအစား တွေ့ရှိပါက သဘာပတိမှ ပယ်မဲအဖြစ်ဆုံးဖြတ်သတ်မှတ်ကြောင်း ကြေညာရမှာ ဖြစ်ပါတယ်။

(၁) ဆန္ဒမဲပုံးအတွင်းသို့မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်၊

(၂) ဥက္ကဋ္ဌလောင်း တစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၃) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒ မဲလက်မှတ်၊

(၄) အမှန်အမှတ်အသား(✔)နှင့် ကြက်ခြေအမှတ်အသား (✘)များမှအပ အခြား အမှတ်အသားပြုလုပ်ထားသည့် ဆန္ဒမဲလက်မှတ်၊

(၅) မည်သူ့ကို ဆန္ဒပြုထားကြောင်းမသိနိုင်သည့် ဆန္ဒမဲလက်မှတ်၊

(၆) ကြီးကြပ်သူအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်း မရှိသည့် ဆန္ဒမဲလက်မှတ်၊

(၇) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်၊

(ဠ) ဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲအများအနည်းအလိုက် အမည်စာရင်းကို ကြီးကြပ်သူအရာရှိက ပုံစံ(၉)တွင် ထည့်သွင်းဖြည့်စွက်၍ သဘာပတိထံ တင်ပြအတည် ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိပါမည်။ သဘာပတိသည် ဥက္ကဋ္ဌလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းပါ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူကို ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ကြောင်း ကြေညာရမှာ ဖြစ်ပါတယ်။

(ဋ) ဆန္ဒမဲပေးပွဲတွင် သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေး ရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့် မရှိစေရ။

(ဍ) အကယ်၍ ထောက်ခံဆန္ဒမဲ အများဆုံးနေရာ၌ (၂)ဦးသို့မဟုတ် (၂)ဦးထက်ပို၍ တူညီ နေလျှင် ရရှိသည့်ထောက်ခံဆန္ဒမဲ နည်းသူများကိုပယ်၍ ဆန္ဒမဲတူညီနေသူများအတွက်သာ ဆန္ဒမဲပေးခြင်းကို နည်းဥပဒေနှင့်အညီ သဘာပတိက ဒုတိယအကြိမ် ထပ်မံကျင်းပမှာ ဖြစ်ပါတယ်။

( ဎ ) ဒုတိယအကြိမ် ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲအများဆုံး နေရာ၌ (၂)ဦး သို့မဟုတ် (၂)ဦးထက်ပို၍ ထပ်မံတူညီနေလျှင် ဆန္ဒမဲပေးပွဲကို ရုံးပိတ်ရက် များမပါ (၃)ရက်ခေတ္တ ရပ်နားမှာ ဖြစ်ပါ တယ်။

(ဏ) ဆန္ဒမဲပေးပွဲ ပြန်လည်ကျင်းပသည့်အခါ နည်းဥပဒေ ၂၃ နှင့်အညီ လိုက်နာဆောင်ရွက် ၍ သဘာပတိက ဥက္ကဋ္ဌရွေးကောက်တင်မြှောက် ရရှိသည်အထိ ဆက်လက်ကျင်းပ ပေးရမည် ဖြစ်ပါသည်။ ထိုသို့ ရွေးကောက်တင်မြှောက်ဆောင်ရွက်၍ ထောက်ခံဆန္ဒမဲ အများဆုံး ရရှိသူအား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာရမှာ ဖြစ်ပါတယ်။

(တ) အထက်ဖော်ပြပါ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်သည့် နည်းစနစ်အတိုင်း ဒုတိယဥက္ကဋ္ဌ ကိုလည်း ရွေးကောက်တင်မြှောက်သွားရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌလောင်း ရွေးချယ်တင်မြှောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးဖြစ်သည့် အတွက် မရှင်းလင်းသည့်အချက်များရှိပါက ပြန်လည်မေးမြန်းနိုင်ကြောင်းနှင့် ရှင်းလင်းပါက အစီအစဉ် အရ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

“ဆွေးနွေးမေးမြန်းရန်ရှိပါသလားခင်ဗျား”

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

ဆွေးနွေးမေးမြန်းရန်မရှိသည့်အတွက် အစီအစဉ်အရ လွှတ်တော်ဥက္ကဋ္ဌလောင်း ရွေးကောက်တင်မြှောက်ခြင်းအား ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်း တင်သွင်းလွှာပုံစံ (၁)ကို ပုံစံ (၂)တွင် လက်မှတ်ရေးထိုး၍အခမ်းအနားမှူးထံတွင် လာရောက်ထုတ်ယူပါရန်နှင့် အမည်စာရင်းတင်သွင်းရာတွင် လိုအပ်သည့် အချက်အလက်များကိုဖြည့်သွင်းပြီး အခမ်းအနားမှူးထံ လာရောက်တင်သွင်းကြရမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းလွှာပုံစံများကို ကျွန်တော့်ထံမှ လာရောက်ထုတ်ယူကြဖို့ဖြစ်ပါတယ်။

(လွှတ်တော်ကိုယ်စားလှယ်များလာရောက်ထုတ်ယူပါမည်။)

**သဘာပတိ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလွှာပုံစံ ထုတ်ယူတဲ့အရေအတွက်ဟာ (၁)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ (၁)စောင်ဖြစ်ပါတယ်။

**သဘာပတိ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရာမှာ ပြည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)မှဦးအောင်ချိုဦးကို နတ်တလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမျိုးမင်းဇော်က အမည်စာရင်းတင်သွင်းပြီး တောင်ငူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးသန်းစိုးက ထောက်ခံထားပါတယ်။ ဥက္ကဋ္ဌလောင်းတစ်ဦးသာ ရွေးချယ်တင်ပြထားကြောင်း တွေ့ရှိရသဖြင့် ၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇ အရ ကြေညာပြီး အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရကြောင်း အမည်စာရင်းကြေညာခြင်း

**သဘာပတိ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းခံရသူ(၁)ဦးတည်းသာရှိသဖြင့် ပြည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦးအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

(သဘာပတိကတူထုသည်။)

**သဘာပတိ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌတစ်ဦးကို ရွေးကောက်တင်မြှောက်ပြီးဖြစ်တဲ့အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ဆက်လက်ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၇(က) (ခ) ပါ နည်းလမ်းများနှင့်အညီ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုးထုတ်ယူ၍ အခမ်းအနားမှူးထံ အမည်စာရင်းတင်သွင်းရပါမယ်။ အမည်စာရင်းတင်သွင်းခံရသူဟာ ဒုတိယဥက္ကဋ္ဌအဖြစ်ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန်သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလွှာမှာလိုအပ်တဲ့ အချက်အလက်များကိုဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းလွှာပုံစံများကို အခမ်းအနားမှူးထံမှ လာရောက်ထုတ်ယူကြရမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမည်စာရင်းတင်သွင်းလွှာပုံစံများကို ကျွန်တော့်ထံမှာ လာရောက်ထုတ်ယူကြဖို့ဖြစ်ပါတယ်။

(လွှတ်တော်ကိုယ်စားလှယ်များလာရောက်ထုတ်ယူပါမည်။)

**သဘာပတိ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလွှာပုံစံ ထုတ်ယူတဲ့အရေအတွက်ဟာ(၁)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာလည်း (၁)စောင် ဖြစ်ပါတယ်။

**သဘာပတိ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရာမှာ ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေးကို ကျောက်တံခါးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်က အမည်စာရင်းတင်သွင်းပြီး ပန်းတောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်က ထောက်ခံထားပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း တစ်ဦးတည်းသာ ရွေးချယ်တင်ပြထားကြောင်းတွေ့ရှိရသဖြင့် ၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၇အရကြေညာပြီး အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရကြောင်း အမည်စာရင်းကြေညာခြင်း

**သဘာပတိ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းခံရသူ (၁)ဦးတည်းသာရှိသဖြင့် ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဋ္ဌေးအား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

(သဘာပတိကတူထုသည်။)

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**သဘာပတိ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၈ အရ သဘာပတိ ရှေ့မှောက်မှာ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား စင်မြင့်ပေါ်သို့ ကြွရောက်ပါရန် ဖိတ်ခေါ်ပါတယ်။

**သဘာပတိ**။ ။ယခုတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါမှာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လိုက်ဆိုဖို့ဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းရှိပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

(သဘာပတိက ရှေးဦးစွာဥက္ကဋ္ဌအား ကတိသစ္စာပြုစေပြီး ဒုတိယဥက္ကဋ္ဌအား ဆက်လက် ကတိသစ္စာပြုစေပါသည်။)

### [ နည်းဥပဒေ ၂၈ ]

"တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ်——————————သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြု ပါသည်။"

(အခမ်းအနားမှူးမှ ကတိသစ္စာပြုလွှာပေါ်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သည်။)

**အခမ်းအနားမှူး။** ။အာလုံးထိုင်နိုင်ပါပြီခင်ဗျား။

**သဘာပတိ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၈ အရ လွှတ်တော်၏ ရှေ့မှောက်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးတဲ့အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား သဘာပတိ၏ လက်ယာဘက်တွင် စီစဉ် ထားသည့်နေရာ၌ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးဖို့ ဖြစ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော် သဘာပတိက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် သဘာပတိက ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်းဖြစ်သည့်အတွက် သဘာပတိက သဘာပတိ၏ စားပွဲရှေ့ နေရာတွင် မတ်တပ်ရပ်စောင့်ဆိုင်းလျက် ဥက္ကဋ္ဌက မူလနေရာမှ သဘာပတိ၏ လက်ယာဘက်တွင် နေရာယူပြီး လက်ဆွဲနှုတ်ဆက်ပြီးပါက သဘာပတိမှ လွှတ်တော်အစည်းအဝေးခန်းမထဲရှိ မိမိမူလ သတ်မှတ်ထားသည့် ထိုင်ခုံနေရာတွင် ပြန်လည်နေရာယူပြီး ဥက္ကဋ္ဌက စင်မြင့်ထက်ရှိ ထိုင်ခုံတွင် နေရာယူပေးရန် ဖြစ်ပါတယ်။ ထိုအချိန်တွင် လွှတ်တော်ကိုယ်စားလှယ်အားလုံး မတ်တပ်ရပ်ပြီး ဥက္ကဋ္ဌက ထိုင်ခုံတွင်ထိုင်ပြီးမှ ပြန်လည် ထိုင်ကြရမှာဖြစ်ပါတယ်ခင်ဗျား။

(သဘာပတိမှ လွှတ်တော် ဥက္ကဋ္ဌအား လက်ဆွဲနှုတ်ဆက်၍ တာဝန်လွှဲအပ်ပါသည်။)

**အခမ်းအနားမှူး။** ။ အာလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားမှာဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကား ပြောကြားပေးနိုင်ပါရန် ဥက္ကဋ္ဌအား လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ချစ်ခင်လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကောင်းကျိုးလိုရာ ပြည့်ဝကြပါစေ။ ပြည်သူလူထု၏ ဆန္ဒသဘောထားများကို ထပ်ဆင့်ကူညီဆောင်ရွက်နိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်ကောင်းများအဖြစ် ဂုဏ်ယူနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ယနေ့ကျင်းပသည့် တတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ ပထမနေ့မှာကျွန်တော့်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် လွှတ်တော်ကိုယ်စားလှယ်များက ရွေးကောက်တင်မြှောက်ပေးခဲ့ကြသည့်အတွက် ပဲခူးတိုင်းဒေသကြီး ဥပဒေပြုရေးမဏ္ဍိုင်ကြီးကို ပီပြင်ပိုင်နိုင်စွာ ကိုင်တွယ်သွားရတော့မှာ ဖြစ်ပါတယ်။

ပြည်သူ့အသံ၊ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ

ပြည်သူ့တို့၏လိုအပ်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့အတိုင်း ကျွန်တော်နှင့်အတူ လွှတ်တော်ကိုယ်စားလှယ်ကြီးများက တက်ညီလက်ညီ ကြိုးပမ်းထမ်းဆောင်သွားကြမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့လည်း ဤမျှကြီးမားသည့် တာဝန်ကြီးတစ်ခုကို မိမိအတွေ့အကြုံနှင့်အတူ ပြည်သူများအကျိုးကိုရှေ့တမ်းတင်ပြီး ထမ်းဆောင်သွားပါမယ်လို့ ကတိစကားပြောကြားလိုပါတယ်။

ပဲခူးတိုင်းဒေသကြီးရဲ့ ထူးခြားလေးနက်တဲ့ ပထဝီအနေအထားပေါ်မူတည်ပြီး တာဝန်ယူဆဲပုဂ္ဂိုလ်ကြီးများ၏ စွမ်းဆောင်ခဲ့မှု၊ ရှေ့အဆက်ဆက်က တာဝန်ယူခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၏ ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့မှုများကို အထူးအလေးထားမှတ်တမ်းတင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ခေတ်အခြေအနေဟာ ပြည်သူများမျှော်လင့်တောင်းတနေကြတဲ့ အေးချမ်းသာယာတဲ့ဘဝအခြေအနေတွေကို ဖန်တီးပုံဖော်နိုင်ဖို့အကောင်းဆုံးအခွင့်အရေးပေးနေပြီဖြစ်ပါတယ်။

တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရင်းနှီးချစ်ခင်စွာ အတူလက်တွဲကြပြီး ပွင့်လင်းမြင်သာသည့် လုပ်ဆောင်မှုများနှင့်အတူ ပြည်သူများပါဝင်သော ကောင်းမွန်သည့် ပိုမိုခိုင်မာ ပြည်မြန်မာကြီးဖြစ်အောင် အားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်ရေးနှင့် အစွန့်ရှည်တိုးတက် တည်တံ့ခိုင်မြဲရေးကို ဆောင်ရွက်ရာမှာ ပဲခူးတိုင်းဒေသကြီးသည်လည်း ပါဝင်နေတာဖြစ်သည့်အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စတဲ့မဏ္ဍိုင်ကြီးများကို ပိုမိုအားကောင်းလာစေရန်အတွက် ပြည်သူများနှင့်အတူ တစ်စည်းတစ်လုံးတည်း လက်တွဲပူးပေါင်း တည်ဆောက်ကြပါစို့လို့ တိုက်တွန်း ပြောကြား၍ နိဂုံးချုပ်လိုက်ပါတယ်။

## တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါ့မယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**ပထမပုံမှန်အစည်းအဝေး**
**ဒုတိယနေ့ မှတ်တမ်း**
**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်**
**၂၀၂၆ခုနှစ်၊ ဧပြီလ ၂ ရက်**
**(ကြာသပတေးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀:၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးအောင်ချိုဦးက ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အစည်းအဝေးသို့တက်ရောက်ခွင့် ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၇၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်း၏ ၁၀၀ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာ ကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ခ)အရ တတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေး အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ ခွင့်ပန်ကြားရမည်ဖြစ်သော်လည်း ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးလုံးတက်ရောက်တဲ့အတွက် အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၇၆)ဦး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ (ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယကထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈(ခ)အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် နာယကထံမှပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာအား မှတ်တမ်းတင်ခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်သည့်အတွက် ၂၀၂၆ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၌ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးအောင်ချိုဦး၊ ပြည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးကျော်ဌေး၊ ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)အားလည်းကောင်း ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဝဏ်လွှာအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ ပုဒ်မခွဲ (က) (ခ) (ဂ) အရ လည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က)နှင့် (ခ)အရလည်းကောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်း တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။

ယင်းကော်မတီတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်(၉)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းသည့်အခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ရွေးချယ်သတ်မှတ်ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ကော်မတီအနေနဲ့ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကိုတာဝန်ခံရမည်။ လွှတ်တော်ကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာဖြစ်ပါတယ်။ ဒါ့အပြင်ကော်မတီ၏ သက်တမ်းဟာ လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလိုကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုး တာဝန်ပေးအပ်မှာဖြစ်ပါတယ်။ ယခုပထမဦးဆုံးအနေဖြင့်ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌမှ လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်ငွေး[ဒုတိယဥက္ကဋ္ဌ၊ ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)]။** ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်၏ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် လွှတ်တော်အနေနဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရ လည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရလည်းကောင်း ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်း ကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ယင်းကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့် တို့ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင် ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်မှု ရှိ/မရှိ လေ့လာခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်းတို့ ဆောင်ရွက် ရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာခြင်း၊ အခြားကော်မတီများမှ ပေးပို့ချက်များအား လေ့လာခြင်းနှင့် ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ပြဋ္ဌာန်းရန်လိုအပ်ပါက တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြရမည်။

(ဂ) ကော်မတီသည် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ ဆောင်ရွက်၍ ကော်မတီ အစီရင်ခံစာကို အနည်းဆုံး(၁)နှစ်လျှင်တစ်ကြိမ် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ ရမည်။

(ဃ) ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ အရ ဥက္ကဋ္ဌက ဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင် ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့်ဥပဒေကြမ်းကော်မတီ၏ လုပ်ပိုင်ခွင့်များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ ကော်မတီသည် လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သော အထောက် အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

(ခ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) ပါ အတိုင်းဆောင်ရွက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ)ပါ အတိုင်းဆောင်ရွက်နိုင်သည်။

**ကော်မတီ၏ ရပိုင်ခွင့်များ**

ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီ၏ ရပိုင်ခွင့်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂(က)(ခ)(ဂ) (ဃ)(င)(စ) ပါအတိုင်း ဖြစ်သည်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

(က) ဦးညဏ်ဝင်း
ဇီးကုန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ခ) ဦးမျိုးသန့်
မင်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဂ) ဦးသက်တိုးဝင်း
ဝေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဃ) ဦးလှမိုးအောင်
ရွှေကျင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(င) ဦးမျိုးမင်းဇော်
နတ်တလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(စ) ဦးနေဝင်း
ဝေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဆ) ဗိုလ်မှူးဟိန်းဇေမြင့်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဇ) ဗိုလ်ကြီးဒေါ်နီလာမြင့်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ဦးသန်းစိုး
တောင်ငူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

တို့ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး

အဖြစ် ဦးသန်းစိုး၊ တောင်ငူမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌမှ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ငွေး[ဒုတိယဥက္ကဋ္ဌ၊ ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)]။** ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်၏ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်အနေနဲ့ ၂၀ဝ၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီကို ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ယင်းကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်တို့ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားသူများအား စုစည်း၍ လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပန်ကြားသူအဖြစ် ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အကြောင်းမဲ့ ခွင့်မဲ့ ပျက်ကွက်ပါက ဥပဒေနှင့်အညီ စိစစ်အရေးယူရေး ဥက္ကဋ္ဌထံတင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား တိုင်ကြားခံရခြင်း၊ တရားစွဲဆိုခြင်းဆိုင်ရာ ကိစ္စရပ်များ၊လွှတ်တော်ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဥပဒေအရ ခံစားခွင့်ရှိသည့် ရပိုင်ခွင့်များနှင့် ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လိုအပ်သလို စိစစ်ပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်သို့ ဥပဒေအရ အပ်နှင်းထားသော တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးနှင့် ပတ်သက်၍ မထီမဲ့မြင်ပြုခြင်း၊ လျစ်လျူရှုခြင်း အခြေအနေများ ရှိပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် လိုအပ်သလို တာဝန်ယူ ဆောင်ရွက်ရမည်။

(ဃ) ရေးရာကော်မတီများအလိုက်သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်း အနေဖြင့်သော်လည်းကောင်း၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့် ပတ်သက်၍လွဲမှားဆောင်ရွက်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ခြင်း၊ မသင့်လျော်သော ဆောင်ရွက်ခြင်းများရှိပါက စိစစ်လေ့လာသုံးသပ်၍ ဥက္ကဋ္ဌထံ အကြံပြုချက်တင်ပြရ မည်။

(င) ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်တွင် အခါအားလျော်စွာ ကတိပြုခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်-

(၁) တိုင်းဒေသကြီးအစိုးရက ၎င်း၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းရှိ/မရှိ ၊

(၂) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို တိုင်းဒေသကြီး အစိုးရက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်း ဖြစ်/မဖြစ်နှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ/မရှိ၊

(စ) ကော်မတီသည် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ ဆောင်ရွက်၍ ကော်မတီ အစီရင်ခံစာကို အနည်းဆုံး(၁)နှစ်လျှင် တစ်ကြိမ် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ ရမည်။

(ဆ) ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ အရ ဥက္ကဋ္ဌက ဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင် ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ ကော်မတီသည် လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သော အထောက် အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

(ခ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) ပါ အတိုင်းဆောင်ရွက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ)ပါ အတိုင်းဆောင်ရွက်နိုင်သည်။

**ကော်မတီ၏ရပိုင်ခွင့်များ**

လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီ၏ ရပိုင်ခွင့်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂(က)(ခ)(ဂ) (ဃ)(င)(စ) ပါအတိုင်းဖြစ်သည်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရပဲခူးတိုင်းဒေသကြီး

လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ကိုယ်စားလှယ်များကတော့–

(က) ဦးတင်မျိုးဝင်း
သနပ်ပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ခ) ဦးသက်တင်ထွန်း
ထန်းတပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဂ) ဒေါ်ဝင်းဝင်းမော်
ပေါင်းတည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဃ) ဦးခိုင်မိုး
ဒိုက်ဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(င) ဦးမျိုးဝင်းသန်း
အုတ်ဖိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(စ) ဦးထွန်းမင်းဇော်
ပေါင်းတည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဆ) ဗိုလ်မှူးကြီးသန်းလှိုင်ဝင်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဇ) ဗိုလ်ကြီးသန်းမြတ်လင်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ဦးအောင်စိုးထက်
ကြို့ပင်ကောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

တို့ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးတင်မျိုးဝင်း၊ သနပ်ပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးအောင်စိုးထက်၊ ကြို့ပင်ကောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)တို့အား တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာ ကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ တို့တွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတို့တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ်များသည် ယခုအစည်းအဝေး (၁၅)မိနစ်ခန့် ခေတ္တရပ်နားချိန်တွင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါတယ်။

**အစည်းအဝေးအစီအစဉ်ခေတ္တရပ်နားခြင်း**

**ဥက္ကဋ္ဌ။** ။တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးကို (၁၀:၂၅) နာရီအချိန်တွင် ခေတ္တရပ်နားကြောင်းနှင့် အစည်းအဝေးကို (၁၀:၄၀) နာရီအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။
[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်း တင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းတင်ပြချက် အပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကသဘောတူတဲ့အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေ ရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးဉာဏ်ဝင်း၊ ဇီးကုန်း မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးသန်းစိုး၊ တောင်ငူ မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးမျိုးသန့်၊ မင်းလှမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ဦးသက်တိုးဝင်း၊ ဝေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးလှမိုးအောင် ရွှေကျင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးမျိုးမင်းဇော်၊ နတ်တလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊

ဦးနေဝင်း၊ ဝေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဗိုလ်မှူးဟိန်းဇေမြင့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှင့် ဗိုလ်ကြီးဒေါ်နီလာမြင့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ် စိစစ်ရေး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းတင်ပြချက်အပေါ် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးတင်မျိုးဝင်း၊ သနပ်ပင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)အား လည်းကောင်း အတွင်းရေးမှူးအဖြစ် ဦးအောင်စိုးထက်၊ ကြို့ပင်ကောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးသက်တင်ထွန်း၊ ထန်းတပင်မြို့နယ်ကိုယ်စားလှယ်အမှတ် (၁)၊ ဒေါ်ဝင်းဝင်းမော်၊ ပေါင်းတည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးခိုင်မိုး၊ ဒိုက်ဦးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ဦးမျိုးဝင်းသန်း၊ အုတ်ဖိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးထွန်းမင်းဇော်၊ ပေါင်းတည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဗိုလ်မှူးကြီးသန်းလှိုင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှင့် ဗိုလ်ကြီးသန်းမြတ်လင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## တတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့ကို (၁၀:၄၅)နာရီတွင် ရပ်နားပါမယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို ၂၀၂၆ခုနှစ်၊ ဧပြီလ(၃)ရက် (သောကြာနေ့) နံနက် (၁၀:၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပထမပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း
# ၁၃၈၇ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ရက်
# [၂၀၂၆ခုနှစ်၊ ဧပြီလ ၃ ရက်]
# (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀:၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးအောင်ချိုဦးက ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူး တိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့မှာ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၇၆)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၇၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ (၁၀၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံဦးရေ ထက်ကျော်လွန်တဲ့အတွက် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(က)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။၂၀၁၄ခုနှစ်ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စား လှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်ဖြစ်သော်လည်း ယနေ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ကိုယ်စားလှယ်(၇၆)ဦးလုံးတက်ရောက်တဲ့အတွက် အစီအစဉ် အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၄(ခ)အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

# တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်ဌေး[ဒုတိယဥက္ကဋ္ဌ၊ ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)]။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်၏လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် လွှတ်တော်အနေနဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က)နှင့်(ခ)တို့အရလည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ယင်းကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့် တို့ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏ သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင် ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်မှု ရှိ/မရှိ လေ့လာခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်းတို့ ဆောင်ရွက် ရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကိုစိစစ်ဆေး ထားသည့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။ တိုင်းဒေသကြီး

ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါလျာထားရငွေများကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ /မရှိ၊ သုံးစွဲခွင့်ပြုထားသော ငွေကြေးများကို ထိရောက်စွာ အသုံးပြု/မပြု၊ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ စည်းကမ်းများနှင့် အညီ သုံးစွဲခြင်း ရှိ / မရှိ တို့ကိုစိစစ်ရမည်။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ပြဋ္ဌာန်းရန် လိုအပ်ပါက ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်း ကော်မတီသို့ တွေ့ရှိချက်များပေးပို့ရမည်။

(ဃ) ကော်မတီသည် အောက်ပါအချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည်-

(၁) တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ အစီရင်ခံစာတွင်ပါရှိသော ငွေစာရင်းဆိုင်ရာ တွေ့ရှိချက်အပေါ် လေ့လာသုံးသပ်ခြင်း၊

(၂) တိုင်းဒေသကြီးလွှတ်တော်က တိုင်းဒေသကြီးအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ် အတွက် ခေါင်းစဉ်ပြောင်း၍ သုံးစွဲခြင်း၊

(၃) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ဘဏ္ဍာရေး ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှု ရှိ/မရှိကို စိစစ်ခြင်း၊

(၄) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက လိုက်နာသင့်သည့် ဘဏ္ဍာငွေသုံးစွဲပုံ နည်းလမ်း အားနည်းချက်များကို စိစစ်ခြင်း၊

(၅) တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့က တောင်းဆိုသော အသုံးစရိတ်များကို စိစစ်ခြင်း၊

(င) ကော်မတီသည် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ ဆောင်ရွက်၍ ကော်မတီ အစီရင်ခံစာကို အနည်းဆုံး(၁)နှစ်လျှင်တစ်ကြိမ် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ ရမည်။

(စ) ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ အရ ဥက္ကဋ္ဌက ဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင် ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ ကော်မတီသည် လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သော အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

(ခ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) ပါ အတိုင်းဆောင်ရွက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ)ပါ အတိုင်းဆောင်ရွက်နိုင်သည်။

**ကော်မတီ၏ ရပိုင်ခွင့်များ**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ ရပိုင်ခွင့်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂(က)(ခ)(ဂ) (ဃ)(င)(စ) ပါအတိုင်းဖြစ်သည်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေး နှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က)နှင့်(ခ)တို့အရ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

(က) ဦးမြစိုး
နတ်တလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ခ) ဦးမျိုးမြင့်
ကဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဂ) ဦးကျော်စွာလင်း
ပေါက်ခေါင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဃ) ဦးသက်ပိုင်ထွေး
သာယာဝတီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂ )

(င) ဦးထွန်းကိုကို
ရေတာရှည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(စ) ဦးခင်အောင်ဝင်း
ပန်းတောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဆ) ဗိုလ်မှူးဇော်လင်းအောင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဇ) ဗိုလ်ကြီးတင်မောင်လွင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ဦးအောင်ညီညီစိုး
ကဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

တို့ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးမြစိုး၊ နတ်တလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးအောင်ညီညီစိုး၊ ကဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်ငြေး[ဒုတိယဥက္ကဋ္ဌ၊ ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)]။** ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်၏လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်အနေနဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ

ကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ယင်းကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်တို့ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏ သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်မှု ရှိ/မရှိ လေ့လာခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်းတို့ ဆောင်ရွက် ရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိဌာန၊ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ပြဋ္ဌာန်းရန် လိုအပ်ပါက ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီသို့ တွေ့ရှိချက်များပေးပို့ရမည်။

(ဂ) ကော်မတီသည် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ ဆောင်ရွက်၍ ကော်မတီအစီရင်ခံစာကို အနည်းဆုံး(၁)နှစ်လျှင် တစ်ကြိမ် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ ရမည်။

(ဃ) ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ အရ ဥက္ကဋ္ဌက ဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ ကော်မတီသည် လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သော အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

(ခ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) ပါ အတိုင်းဆောင်ရွက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ)ပါ အတိုင်းဆောင်ရွက်နိုင်သည်။

**ကော်မတီ၏ ရပိုင်ခွင့်များ**

ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ၏ ရပိုင်ခွင့်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂(က)(ခ)(ဂ) (ဃ)(င)(စ) ပါအတိုင်းဖြစ်သည်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး လွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က)နှင့်(ခ)တို့အရလည်းကောင်း ပဲခူးတိုင်း ဒေသကြီး လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

(က) ဒေါက်တာပွင့်ဆန်း
ဒိုက်ဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ခ) ဦးသိန်းနိုင်
ညောင်လေးပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဂ) ဒေါ်နီနီချို
ဇီးကုန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဃ) ဦးအုန်းသွင်
သဲကုန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(င) ဦးဇော်မင်းသက်
အုတ်တွင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(စ) ဦးသန်းထူးအောင်
ပေါက်ခေါင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဆ) ဗိုလ်မှူးကျော်သက်နိုင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဇ) ဗိုလ်ကြီးဒေါ်ဇင်မာဝင်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ဦးရဲထွဋ်
သာယာဝတီမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

တို့ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး ဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါက်တာပွင့်ဆန်း၊ ဒိုက်ဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးရဲထွဋ်၊ သာယာဝတီမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီတို့တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီတို့တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များသည် ယခုအစည်းအဝေး (၁၅)မိနစ်ခန့် ခေတ္တရပ်နားချိန်တွင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါတယ်။

## အစည်းအဝေးအစီအစဉ်ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ။** ။တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို (၁၀:၁၇)နာရီအချိန်တွင် ခေတ္တရပ်နားကြောင်းနှင့် နံနက်ပိုင်းအစည်းအဝေးကို (၁၀:၃၂)နာရီအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။
[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေး နှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေး နှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်၏အတည်ပြုချက်ရယူမှာ

ဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန်အတွက် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က သဘောတူတဲ့အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးမြစိုး၊ နတ်တလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးအောင်ညီညီစိုး၊ ကဝမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)အား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးမျိုးမြင့်၊ ကဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးကျော်စွာလင်း၊ ပေါက်ခေါင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးသက်ပိုင်ထွေး၊ သာယာဝတီမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ဦးထွန်းကိုကို၊ ရေတာရှည်မြို့နယ်ကိုယ်စားလှယ်အမှတ် (၁)၊ ဦးခင်အောင်ဝင်း၊ ပန်းတောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဗိုလ်မှူးဇော်လင်းအောင်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်၊ ဗိုလ်ကြီးတင်မောင်လွင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန် ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းမည့် လွှတ်တော် ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်၏အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန်အတွက် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာပွင့်ဆန်း၊ ဒိုက်ဦးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးရဲထွဋ်၊ သာယာဝတီမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးသိန်းနိုင်၊ ညောင်လေးပင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ဒေါ်နီနီချို၊ ဇီးကုန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးအုန်းသွင်၊ သဲကုန်း မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးဇော်မင်းသက်၊ အုတ်တွင်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)၊ ဦးသန်းထူးအောင်၊ ပေါက်ခေါင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ဗိုလ်မှူးကျော်သက်နိုင်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်ကြီးဒေါ်ဇင်မာဝမ်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## တတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးစတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၀:၃၈)နာရီတွင် ရပ်နားပါမယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၂၆ခုနှစ် ဧပြီလ(၆)ရက် (တနင်္လာနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပထမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း
# ၁၃၈၇ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
# [ ၂၀၂၆ခုနှစ် ၊ ဧပြီလ ၆ ရက်]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးအောင်ချိုဦးက ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူး တိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၇၆)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၇၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ (၁၀၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံဦးရေ ထက်ကျော်လွန်တဲ့အတွက် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။– ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်ဖြစ်သော်လည်း ယနေ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ကိုယ်စားလှယ်(၇၆)ဦးလုံးတက်ရောက်တဲ့အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကသဘောတူတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁) (၂)နှင့်အညီ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် **နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**က ပေးပို့ထားသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၏အမည်စာရင်းကို လွှတ်တော်သို့ တင်ပြမှာဖြစ်ပါတယ်။ **နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**က ဝန်ကြီးချုပ်အဖြစ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဝင်း၊ ပဲခူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)ကို အဆိုပြုကြောင်းတင်ပြအပ်ပါတယ်။

## နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် ဝန်ကြီးဌာနအရေအတွက်နှင့် ဝန်ကြီးဦးရေသတ်မှတ်နိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ ပုဒ်မခွဲ(ဂ)အရ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးဌာနအရေအတွက်နှင့် ဝန်ကြီးဦးရေတို့ကို သတ်မှတ်နိုင်ရေးအတွက် အဆိုပြုချက်အား ကျွန်တော်မှ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင် ဝန်ကြီးဌာန(၇)ခု၊ ဝန်ကြီးဦးရေ (၇)ဦးတို့ဖြင့် သတ်မှတ်ဖွဲ့စည်းရန် အဆိုပြုတင်ပြအပ်ပါတယ်။

## နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့သည့် တရားလွှတ်တော် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားလွှတ်တော် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂) အရ တရားလွှတ်တော်တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ကျွန်တော်မှ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ကို တရားလွှတ်တော် တရားသူကြီးချုပ်(၁)ဦး၊ တရားသူကြီး(၄)ဦးတို့ဖြင့် သတ်မှတ်ဖွဲ့စည်းရန် အဆိုပြုတင်ပြအပ်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်း၊ ဝန်ကြီးဌာနအရေအတွက်၊ ဝန်ကြီးဦးရေနှင့် တရားလွှတ်တော် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေး အဆိုပြုချက်တို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**ကပေးပို့သည့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပုဒ်မခွဲ(ဃ)တွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ"** ဟု ဖော်ပြပါရှိပါတယ်။

သို့ဖြစ်ပါ၍ **နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**ကပေးပို့သည့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်း၊ ဝန်ကြီးဌာန အရေအတွက်၊ ဝန်ကြီးဦးရေနှင့် တရားလွှတ်တော် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးအဆိုပြုချက် တို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ယခုအစည်းအဝေး (၁၅) မိနစ်ခန့် ခေတ္တရပ်နားချိန်တွင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါတယ်။

**အစည်းအဝေးအစီအစဉ်ခေတ္တရပ်နားခြင်း**

**ဥက္ကဋ္ဌ။** ။တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို (၁၀:၁၇)နာရီအချိန်တွင် ခေတ္တရပ်နားကြောင်းနှင့် အစည်းအဝေးကို (၁၀:၃၂)နာရီ အချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ [တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် **နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**က ပေးပို့ထားသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ် တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ **နိုင်ငံတော် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**က ပေးပို့ထားသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် တိုင်းဒေသကြီး လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းအစီအစဉ်ဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အဖြစ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဝင်း၊ ပဲခူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အား ခန့်အပ်တာဝန်ပေးခြင်းကို တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် ပဲခူးတိုင်း ဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် **နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံ**

**ထားရသူ**က အဆိုပြုထားသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဝင်း၊ ပဲခူးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)အား အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

**နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့သည့် ဝန်ကြီးဌာနအရေအတွက်နှင့် ဝန်ကြီးဦးရေသတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ**ကပေးပို့သည့် ဝန်ကြီးဌာနအရေအတွက်နှင့် ဝန်ကြီးဦးရေသတ်မှတ် နိုင်ရေးနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့် အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့သည့် ဝန်ကြီးဌာနအရေအတွက်နှင့် ဝန်ကြီးဦးရေသတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ **နိုင်ငံတော် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**ကပေးပို့သည့် ဝန်ကြီးဌာနအရေအတွက်နှင့် ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ဖြစ်သည့် အတွက် ဝန်ကြီးဌာန(၇)ဌာနနှင့် ဝန်ကြီး(၇)ဦးတို့အား တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် **နိုင်ငံတော်သမ္မတ အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**က ပေးပို့သည့် ဝန်ကြီးဌာန(၇)ဌာန နှင့် ဝန်ကြီး(၇)ဦးတို့အား တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တရားလွှတ်တော် တရားသူကြီးဦးရေသတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**က ပေးပို့သည့် တရားလွှတ်တော်တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တရားလွှတ်တော် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ **နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**က ပေးပို့သည့် တရားလွှတ်တော်တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်(၁)ဦးနှင့် တရားသူကြီး(၄)ဦးတို့အား တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်အားလုံးကသဘောတူညီသည့်အတွက် **နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူ**က ပေးပို့သည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်(၁)ဦးနှင့် တရားသူကြီး(၄)ဦးတို့အား တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ်ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)နံနက်ပိုင်းကို ခေတ္တရပ်နားပါမယ်။ ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)နေ့လယ်ပိုင်းကို (၁၃:၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်းမှာ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ်ကျင်းပမှာ ဖြစ်သည့်အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။အစည်းအဝေးကျင်းပစဉ်ကာလအတွင်း လက်ကိုင်ဖုန်းများအား ခေတ္တပိတ်ထားပေးကြပါရန် လေးစားစွာဖြင့်မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။
[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)နေ့လယ်ပိုင်း အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။၂၀၁၄ခုနှစ်ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး(စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကိုတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက တင်ပြဖို့ ဖိတ်ခေါ် အပ်ပါတယ်။

**ဦးကျော်ငွေး[ဒုတိယဥက္ကဋ္ဌ၊ ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)]။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်၏လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတွက် လွှတ်တော်အနေနဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရလည်းကောင်း၊ စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ယင်းကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်တို့ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏ သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ

တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**၏** လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်မှုရှိ/မရှိ လေ့လာခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်းတို့ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ပြဋ္ဌာန်းရန် လိုအပ်ပါက ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီသို့ တွေ့ရှိ ချက်များပေးပို့ရမည်။

(ဂ) ကော်မတီသည် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စောင့်ကြည့်ထိန်းညှိကူညီဆောင်ရွက်ပေးရမည်။

(ဃ) တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးစနစ် တည်ဆောက်မှုများ၊ ပို့ဆောင်ရေး ယာဉ်လိုင်းများ၊ ယာဉ်ရပ်နားစခန်းများ၊ လမ်းအဆင့်မြှင့်မှု လုပ်ငန်းများနှင့်ပတ်သက်၍ စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ပေးရမည်။

(င) တိုင်းဒေသကြီးအတွင်းရှိ ရေကြောင်းဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ၊ မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ပေးရမည်။

(စ) ကော်မတီသည် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ ဆောင်ရွက်၍ ကော်မတီအစီရင်ခံစာကို အနည်းဆုံး(၁)နှစ်လျှင် တစ်ကြိမ် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ ရမည်။

(ဆ) ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ အရ ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**၏** လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ ကော်မတီသည် လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သော အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

(ခ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) ပါ အတိုင်း ဆောင်ရွက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ)ပါ အတိုင်း ဆောင်ရွက်နိုင်သည်။

**ကော်မတီ၏ ရပိုင်ခွင့်များ**

စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ ရပိုင်ခွင့်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂(က)(ခ)(ဂ) (ဃ)(င)(စ) ပါ အတိုင်းဖြစ်သည်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က)နှင့်(ခ)တို့အရ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

(က) ဦးမင်းအောင်
ကျောက်တံခါးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ခ) ဦးသန့်ဇော်မင်း
တောင်ငူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဂ) ဦးမြင့်စိုး
ညောင်လေးပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဃ) ဦးမျိုးခိုင်
ရွှေတောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(င) ဦးကျော်လင်းခန့်
ကျောက်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(စ) ဦးအောင်ကို
အုတ်ဖိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(ဆ) ဗိုလ်မှူးခိုင်လွင်ထူး
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(ဇ) ဗိုလ်ကြီးဖြိုးသူရမောင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(ဈ) ဦးအောင်ကိုမင်း
လက်ပံတန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

တို့ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့်ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးမင်းအောင်၊ ကျောက်တံခါးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူး အဖြစ် ဦးအောင်ကိုမင်း၊ လက်ပံတန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)တို့အား တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်ငွေး[ဒုတိယဥက္ကဋ္ဌ၊ ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)]။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ တတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်၏လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက် နိုင်ရေးအတွက် လွှတ်တော်အနေနဲ့ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး

လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရလည်းကောင်း၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ယင်းကော်မတီ၏သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်တို့ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏ သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်မှု ရှိ/မရှိ လေ့လာခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်းတို့ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ပြဋ္ဌာန်းရန် လိုအပ်ပါက ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီသို့ တွေ့ရှိချက်များပေးပို့ရမည်။

(ဂ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြစ်ကျောက်စရစ် စည်းကမ်းမဲ့ ထုတ်လုပ်ခြင်း၊ ရွှေနှင့်အခြားသတ္တုများအားတရားမဝင်တူးဖော်ခြင်းမရှိစေရန်အတွက် စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(ဃ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသော ဓါတ်ငွေ့များ စွန့်ထုတ်ခြင်း၊ ရေဆိုးများ စွန့်ပစ်ခြင်း စသောလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားမှုရှိ/မရှိ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်မှုရှိ/မရှိ စောင့်ကြည့်ထိန်းညှိကူညီဆောင်ရွက်ရမည်။

(င) တရားမဝင်သစ်များ ထုတ်လုပ်မှုမရှိစေရေး၊ သစ်တောများ ပြုန်းတီးမှုမရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ စနစ်တကျရှိစေရန်အတွက် စောင့်ကြည့်ထိန်းညှိကူညီဆောင်ရွက်ရမည်။

(စ) တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ ပပျောက်စေရေးအတွက် စောင့်ကြည့်ထိန်းညှိကူညီဆောင်ရွက်ရမည်။

(ဆ) ကော်မတီသည် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ ဆောင်ရွက်၍ ကော်မတီအစီရင်ခံစာကို အနည်းဆုံး(၁)နှစ်လျှင် တစ်ကြိမ် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ ရမည်။

(ဇ) ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ အရ ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ ကော်မတီသည် လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအားဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သော အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

(ခ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) ပါအတိုင်း ဆောင်ရွက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) ပါအတိုင်း ဆောင်ရွက်နိုင်သည်။

**ကော်မတီ၏ ရပိုင်ခွင့်များ**

သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ ရပိုင်ခွင့်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂(က)(ခ)(ဂ)(ဃ)(င)(စ) ပါအတိုင်းဖြစ်သည်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့နှင့် စပ်လျဉ်းပြီးတိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ပဲခူးတိုင်းဒေသကြီး လွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

(က) ဦးကျော်မင်းနိုင်
ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ခ) ဦးမျိုးသိန်းဦး
သနပ်ပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဂ) ဦးသိန်းနိုင်
ညောင်လေးပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဃ) ဦးရဲဝင်း
သဲကုန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(င) ဦးသန်းထူးအောင်
ပေါက်ခေါင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(စ) ဦးရန်နိုင်ဝင်း
မင်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဆ) ဗိုလ်မှူးထွန်းထွန်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဇ) ဗိုလ်ကြီးလူမော်မြင့်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ဦးညွှန့်မင်းစိုး
မိုးညိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

တို့ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးကျော်မင်းနိုင်၊ ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ် (၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးညွှန့်မင်းစိုး၊ မိုးညိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)တို့အား တာဝန် ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ တို့တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတို့တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များသည် ယခုအစည်းအဝေး(၁၅)မိနစ်ခန့် ခေတ္တရပ်နားချိန်တွင် လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါတယ်။

**အစည်းအဝေးအစီအစဉ် ခေတ္တရပ်နားခြင်း**

**ဥက္ကဋ္ဌ။** ။တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို (၁၃:၁၇)နာရီအချိန်တွင် ခေတ္တရပ်နားကြောင်းနှင့် အစည်းအဝေးကို(၁၃:၃၂)နာရီ အချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။
[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး အဆိုပြုတင်ပြမှုအပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်း တင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန်အတွက် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကသဘောတူတဲ့အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးမင်းအောင်၊ ကျောက်တံခါး မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးအောင်ကိုမင်း၊ လက်ပံတန်း

မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်ဇော်မင်း၊ တောင်ငူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးမြင့်စိုး၊ ညောင်လေးပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးမျိုးခိုင်၊ ရွှေတောင် မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးကျော်လင်းခန့်၊ ကျောက်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးအောင်ကို၊ အုတ်ဖိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၊ ဗိုလ်မှူးခိုင်လွင်ထူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်ကြီးဖြိုးသူရမောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး အဆိုပြုတင်ပြမှုအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏အမည်

စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန်အတွက် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးကျော်မင်းနိုင်၊ ဖြူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးညွန့်မင်းစိုး၊ မိုးညို မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးမျိုးသိန်းဦး၊ သနပ်ပင် မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးသိန်းနိုင်၊ ညောင်လေးပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးရဲဝင်း၊ သဲကုန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးသန်းထူးအောင်၊ ပေါက်ခေါင်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)၊ ဦးရန်နိုင်ဝင်း၊ မင်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဗိုလ်မှူးထွန်းထွန်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်ကြီးလူမော်မြင့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း နှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## တတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၃:၃၈)နာရီတွင် ရပ်နားပါမယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၂၆ခုနှစ် ဧပြီလ (၇)ရက် (အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**ပထမပုံမှန်အစည်းအဝေး**
**ပဉ္စမနေ့ မှတ်တမ်း**
**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်**
**၂၀၂၆ခုနှစ်၊ ဧပြီလ ၇ ရက်**
**(အင်္ဂါနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးအောင်ချိုဦးက ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၇၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏ ၁၀၀ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန် တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ခ)အရ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဉ္စမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော် လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှသာဖြစ်သော်လည်း ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်(၇၆)ဦးလုံးတက်ရောက်တဲ့အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၇၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ (ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌမှ လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်ငွေး[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်တွင် လွှတ်တော်၏ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော် အနေနဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရ လည်းကောင်း၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့ အရ လည်းကောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ယင်းကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့် တို့ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

### ကော်မတီ၏ သက်တမ်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင် ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

### ကော်မတီ၏ လုပ်ငန်းတာဝန်များ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်မှု ရှိ/မရှိ လေ့လာခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်းတို့ ဆောင်ရွက် ရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ပြဋ္ဌာန်းရန် လိုအပ်ပါက ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီသို့ တွေ့ရှိချက်များပေးပို့ရမည်။

(ဂ) ကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာဆိုင်ရာကိစ္စများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(ဃ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ဆီလျော်ညီညွတ်ခြင်း ရှိ/မရှိကို စိစစ်၍ စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(င) ကော်မတီသည် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ ဆောင်ရွက်၍ ကော်မတီအစီရင်ခံစာကို အနည်းဆုံး(၁)နှစ်လျှင်တစ်ကြိမ် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်။

(စ) ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ အရ ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ ကော်မတီသည် လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သော အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

(ခ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) ပါအတိုင်း ဆောင်ရွက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ)ပါအတိုင်း ဆောင်ရွက်နိုင်သည်။

**ကော်မတီ၏ ရပိုင်ခွင့်များ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ ရပိုင်ခွင့်များမှာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂(က)(ခ)(ဂ)(ဃ)(င)(စ)ပါ အတိုင်း ဖြစ်သည်။

# တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး လွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရ လည်းကောင်း၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

(က) ဦးသန်းဇော်
ပန်းတောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ခ) ဦးဘုန်းမြင့်ဦး
ကျောက်တံခါးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဂ) ဦးကျော်စိုး
လက်ပံတန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဃ) ဦးသောင်းဝင်း
ရေတာရှည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂ )

(င) ဦးမျိုးမျိုးသိန်း
ထန်းတပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(စ) ဦးသက်ပိုင်ထွေး
သာယာဝတီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဆ) ဗိုလ်ကြီးမျိုးမင်းဇော်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဇ) ဗိုလ်ကြီးသဲနုဇာ
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ဦးမျိုးမြင့်
ကဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

တို့ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးသန်းဇော်၊ ပန်းတောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး

အဖြစ် ဦးမျိုးမြင့်၊ ကဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေး နှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌမှ လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်ငွေး[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်တွင် လွှတ်တော်၏ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော် အနေနဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရ လည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ)တို့ အရ လည်းကောင်း မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး ဆိုင်ရာကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ယင်းကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်တို့ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏ သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင် ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန် များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်မှု ရှိ/မရှိ လေ့လာခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်းတို့ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ပြဋ္ဌာန်းရန် လိုအပ်ပါက ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီသို့ တွေ့ရှိချက်များပေးပို့ရမည်။

(ဂ) ကော်မတီသည် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများအား စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(ဃ) ကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်မှု ရှိ/မရှိကို လေ့လာစိစစ်၍ စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(င) ကော်မတီသည် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ ဆောင်ရွက်၍ ကော်မတီအစီရင်ခံစာကို အနည်းဆုံး(၁)နှစ်လျှင်တစ်ကြိမ် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်။

(စ) ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ အရ ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ ကော်မတီသည် လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သော အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

(ခ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) ပါအတိုင်း ဆောင်ရွက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ)ပါအတိုင်း ဆောင်ရွက်နိုင်သည်။

**ကော်မတီ၏ ရပိုင်ခွင့်များ**

မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီ၏ ရပိုင်ခွင့်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂(က)(ခ)(ဂ)(ဃ)(င)(စ)ပါ အတိုင်း ဖြစ်သည်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး လွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရ လည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ)တို့ အရ ပဲခူးတိုင်း ဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့–

(က) ဦးမျိုးမင်းဇော်
နတ်တလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ခ) ဦးသန့်ဇော်မင်း
တောင်ငူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဂ) ဦးအောင်စိုးထက်
ကြို့ပင်ကောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဃ) ဦးရဲဝင်း
သဲကုန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(င) ဦးအောင်ကို
အုတ်ဖိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(စ) ဦးနေဝင်း
ဝေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဆ) ဗိုလ်မှူးမင်းသူအောင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဇ) ဗိုလ်ကြီးအောင်စစ်မောင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ဒေါ်ခင်ခင်ဝင်း
အုတ်တွင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

တို့ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးမျိုးမင်းဇော်၊ နတ်တလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဒေါ်ခင်ခင်ဝင်း၊ အုတ်တွင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)တို့အားတာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီတို့တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီတို့တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ယခုအစည်းအဝေး(၁၅)မိနစ်ခန့် ခေတ္တရပ်နားချိန်တွင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် အစည်းအဝေးကို (၁၁:၀၀) နာရီအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း နှင့်စပ်လျဉ်းပြီး အဆိုပြုတင်ပြမှုအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်း တင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှု နှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန်အတွက် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးသန်းဇော်၊ ပန်းတောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးမျိုးမြင့်၊ ကဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးဘုန်းမြင့်ဦး၊ ကျောက်တံခါးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးကျော်စိုး၊ လက်ပံတန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးသောင်းဝင်း၊ ရေတာရှည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးမျိုးမျိုးသိန်း၊ ထန်းတပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးသက်ပိုင်ထွေး၊ သာယာဝတီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဗိုလ်ကြီးမျိုးမင်းဇော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်ကြီးသဲနုဇာ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး အဆိုပြုတင်ပြမှုအပေါ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီတွင် ပါဝင် သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်း နှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန်အတွက် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင် သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးမျိုးမင်းဇော်၊ နတ်တလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါ်ခင်ခင်ဝင်း၊ အုတ်တွင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်ဇော်မင်း၊ တောင်ငူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးအောင်စိုးထက်၊ ကြို့ပင်ကောက်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁)၊ ဦးရဲဝင်း၊ သဲကုန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးအောင်ကို၊ အုတ်ဖိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ဦးနေဝင်း၊ ဝေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဗိုလ်မှူးမင်းသူအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်ကြီးအောင်စစ်မောင်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့ကိုတာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင် သာယာရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး၊ ဝန်ကြီးဌာန အမည်စာရင်းနှင့် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းတို့အား တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(က)အရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီး၊ ဝန်ကြီးဌာန အမည်စာရင်းကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၆ ပုဒ်မခွဲ(က)၊ ၂၇၁ ပုဒ်မခွဲ(က)အရ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းကိုလည်းကောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမျိုးဆွေဝင်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(က) (ခ) တို့အရ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူသည် တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးနိုင်ရန် တိုင်းဒေသကြီး လွှတ်တော်သို့ အောက်ပါအတိုင်း တင်ပြသွားမှာ ဖြစ်ပါတယ်-

| စဉ် | အမည် | ကိုယ်စားလှယ်အမှတ် | ဝန်ကြီးဌာနအမည် |
|---|---|---|---|
| ၁ | ဗိုလ်မှူးကြီးညီလန်းချို ကြည်း ၂၉၁၇၃ | တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂ | ဦးဇော်ဝင်း | ရွှေကျင်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁) | စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ၃ | ဒေါက်တာထူးခြားအောင် | ပဲခူးမြို့နယ်ကိုယ်စားလှယ် အမှတ်(၂) | လူမှုရေးရာဝန်ကြီးဌာန |
| ၄ | ဦးကျော်ထွန်း | ရဲမှူးချုပ်(ငြိမ်း) ယခင်လမ်းပန်း (ဝန်ကြီးဟောင်း) | လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| ၅ | ဦးကိုကိုဦး | ဆည်/မြောင်း ညွှန်မှူး(ငြိမ်း) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၆ | ဦးကျော်ကျော်လင်း | ပြည်မြို့နယ်ကိုယ်စားလှယ် အမှတ်(၂) | သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |

| | | | |
|---|---|---|---|
| ၇ | ဦးနိုင်လင်းဆွေ(ခ) ဦးထွန်းထွန်းဦး | ရွှေတောင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | စည်ပင်သာယာရေးဝန်ကြီးဌာန |

တို့အား အဆိုပြုတင်ပြအပ်ပါတယ်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ (က)နှင့် ပုဒ်မ ၂၇၁ (က) တို့အရ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန်အတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အောက်ပါပုဂ္ဂိုလ်(၂)ဦးအား အဆိုပြုတင်ပြသွားမှာဖြစ်ပါတယ်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | တာဝန် |
|---|---|---|---|
| ၁ | ဦးခင်မောင်တင့် | ၁၀/မလမ(နိုင်)၀၁၄၀၆၀ | တိုင်းဒေသကြီးဥပဒေချုပ် |
| ၂ | ဒေါ်တင်တင်ငြိမ်း | ၇/ပခန(နိုင်)၁၄၂၈၆၈ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် |

တို့အား အဆိုပြုတင်ပြအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြမှတ်တမ်းတင်ရန်ဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက လွှတ်တော်သို့ တင်ပြပေးဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမျိုးဆွေဝင်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဆ) ပုဒ်မခွဲငယ်(၂)အရ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်မှာ ဦးစောလင်းအောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၇/ကကန(နိုင်) ၀၂၇၇၆၈ အား ရွေးကောက်ပွဲကော်မရှင်ထံမှ အမည်စာရင်းရရှိပါသဖြင့် မှတ်တမ်းတင်နိုင်ပါရန် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်

ကိုယ်စားလှယ် ဦးစောလင်းအောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၇/ကကန(နိုင်)၀၂၇၇၆၈အား တိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်းတင်ပါကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီးတရားသူကြီး၏ အမည်စာရင်းတို့အား လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်း၊ တိုင်းဒေသကြီးတရားသူကြီးတို့၏ အမည်စာရင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၀ ပါ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ (ခ) အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့သည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်လွင်လွင်အေးကျော်အား လည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးများ အဖြစ် ဒေါ်အေးအေးသန့်၊ ဒေါ်ခင်အုန်းတင့်၊ ဒေါက်တာဇော်ဝင်းထွန်း၊ ဦးသန့်ဇော်သန်းတို့အား လည်းကောင်း အဆိုပြုကြောင်း တင်ပြအပ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက ပေးပို့သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး၊ ဝန်ကြီးဌာန အမည်စာရင်းနှင့် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး တရားသူကြီး၏ အမည်စာရင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး၊ ဝန်ကြီးဌာန အမည်စာရင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဂ)တွင် **“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ”** ဟု ဖော်ပြပါရှိပါတယ်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီး ဥပဒေချုပ်၏ အမည်စာရင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ပုဒ်မခွဲ(ဂ)တွင် **“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ”** ဟု ဖော်ပြပါရှိပါတယ်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ အမည်စာရင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁ ပုဒ်မခွဲ(ဂ)တွင် **“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်း များနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန် ပေးရန် ငြင်းပယ်ခွင့်မရှိစေရ”** ဟု ဖော်ပြပါရှိပါတယ်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်း၊ တိုင်းဒေသကြီး တရားသူကြီး၏ အမည်စာရင်း တို့နှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ)တွင် **“ပုဒ်မ ၃၁၀ တွင် သတ်မှတ် ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော် သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် တို့နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် အဖြစ် ခန့်အပ်ရန်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်ရန်လည်းကောင်း၊ အမည်စာရင်းပေးပို့သူများကို ငြင်းပယ်ခွင့် မရှိစေရ”** ဟု ဖော်ပြပါရှိပါတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ပေးပို့သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး၊ ဝန်ကြီးဌာန အမည် စာရင်းနှင့် တိုင်းဒေသကြီးဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်း၊ နိုင်ငံတော်သမ္မတအဖြစ်

ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး တရားသူကြီး၏ အမည်စာရင်းတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ယခုအစည်းအဝေး ခေတ္တရပ်နားချိန်တွင် လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် အစည်းအဝေးကို (၁၁:၂၅) နာရီအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။
[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီး၊ ဝန်ကြီးဌာန အမည်စာရင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး၊ ဝန်ကြီးဌာနအမည်စာရင်း၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်း တို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီး၊ ဝန်ကြီးဌာန အမည်စာရင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး၊ ဝန်ကြီးဌာနအမည်စာရင်း၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ဖြစ်သည့်အတွက် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး၊ ဝန်ကြီးဌာနအမည်စာရင်း၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် စာရင်းစစ်ချုပ် တို့၏ အမည်စာရင်းတို့အား တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် ပဲခူးတိုင်း ဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ ဝန်ကြီး၊ဝန်ကြီးဌာနများအဖြစ် ဗိုလ်မှူးကြီးညီလန်းချို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးဇော်ဝင်း၊ ရွှေကျင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)အား စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ဒေါက်တာထူးခြားအောင်၊ ပဲခူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)အား လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး အဖြစ်လည်းကောင်း၊ ဦးကျော်ထွဋ်၊ ရဲမှူးချုပ်(ငြိမ်း)အား လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးကိုကိုဦး၊ ဆည်/မြောင်း ညွှန်မှူး(ငြိမ်း)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးကျော်ကျော်လင်း၊ ပြည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးနိုင်လင်းဆွေ(ခ) ဦးထွန်းထွန်းဦး၊ ရွှေတောင်မြို့နယ်ကိုယ်စားလှယ်အမှတ် (၁)အား စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသည့် တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ဦးခင်မောင်တင့်အား လည်းကောင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ဒေါ်တင်တင်ငြိမ်းအား လည်းကောင်း တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်း၊ တိုင်းဒေသကြီးတရားသူကြီးတို့၏ အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့သည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်း၊ တိုင်းဒေသကြီးတရားသူကြီးတို့၏ အမည်စာရင်းတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့သည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီး တရားသူကြီး အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့သည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီးတရားသူကြီးအမည်စာရင်းတို့နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် (၁)ဦးနှင့် တရားသူကြီး(၄)ဦးတို့အား တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့သည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်လွင်လွင်အေးကျော်အားလည်းကောင်း၊ တရားသူကြီးများအဖြစ် ဒေါ်အေးအေးသန့်၊ ဒေါ်ခင်အုန်းတင့်၊ ဒေါက်တာဇော်ဝင်းထွန်း၊ ဦးသန့်ဇော်သန်းတို့အားလည်းကောင်း တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## တတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို (၁၁:၃၀)နာရီတွင် ရပ်နားပါမယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၂၆ခုနှစ် ဧပြီလ (၉) ရက် (ကြာသပတေးနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[ ဩဘာသံများ ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**ပထမပုံမှန်အစည်းအဝေး**
**ဆဋ္ဌမနေ့ မှတ်တမ်း**
**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်**
**၂၀၂၆ခုနှစ်၊ ဧပြီလ ၉ ရက်**
**(ကြာသပတေးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးအောင်ချိုဦးက ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၇၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၈.၆၈ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာ ပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။၂၀၁၄ခုနှစ်ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ခ)အရ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။၂၀၁၄ခုနှစ်ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးတင်မျိုးဝင်း၊ သနပ်ပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်၏ ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ သနပ်ပင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မျိုးဝင်းဖြစ်ပါတယ်။ ဇီးကုန်း မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းသည် မိသားစု ကိစ္စကိုယ်တိုင်ဆောင်ရွက်ရန်ရှိပါသဖြင့် (၉.၄.၂၀၂၆)ရက်နေ့အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌမှ တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကျော်ငွေး[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ တတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်တွင် လွှတ်တော်၏ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်အနေနဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ(က)(ခ)(ဂ)အရလည်းကောင်း၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရ လည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ

(က)နှင့် (ခ)တို့အရ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ယင်းကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်တို့ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

**ကော်မတီ၏ သက်တမ်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့သော်လည်း လိုအပ်ပါက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီများ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ကော်မတီဝင်များအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လဲလှယ်အစားထိုးပေးခြင်း ပြုလုပ်ပါမည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်မှု ရှိ/မရှိ လေ့လာခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်းတို့ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ပြဋ္ဌာန်းရန် လိုအပ်ပါက ဥပဒေရေးရာကိစ္စရပ်များလေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီသို့ တွေ့ရှိချက်များပေးပို့ရမည်။

(ဂ) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေးတို့အတွက် စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(င) တိုင်းရင်းသားများ၏ ဓလေ့ထုံးစံ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရေး စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(စ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုရေး၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(ဆ) ကော်မတီသည် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ ဆောင်ရွက်၍ ကော်မတီ အစီရင်ခံစာကို အနည်းဆုံး(၁)နှစ်လျှင်တစ်ကြိမ် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်။

(ဇ) ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ အရ ဥက္ကဋ္ဌက ဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ ကော်မတီသည် လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သော အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

(ခ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ) ပါ အတိုင်းဆောင်ရွက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (က)(ခ)(ဂ)(ဃ)ပါ အတိုင်းဆောင်ရွက်နိုင်သည်။

**ကော်မတီ၏ ရပိုင်ခွင့်များ**

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ ရပိုင်ခွင့်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂(က)(ခ)(ဂ)(ဃ)(င)(စ) ပါ အတိုင်း ဖြစ်သည်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့၏အမည်စာရင်းတို့နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

(က) ဦးဝင်းနိုင်
ကျောက်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ခ) ဦးအောင်ညီညီစိုး
ကဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဂ) ဒေါ်လွှယ်လွှယ်ဝင်း
ကြို့ပင်ကောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(ဃ) ဦးအောင်ဇေယျ
မိုးညှင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(င) ဦးဇော်မင်းသက်
အုတ်တွင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(စ) ဒေါ်ခင်ခင်ဝင်း
အုတ်တွင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(ဆ) ဗိုလ်မှူးလေးနိုင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဇ) ဗိုလ်ကြီးမောင်မောင်လွင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ဦးရန်နိုင်ဝင်း
မင်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

တို့ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးဝင်းနိုင်၊ ကျောက်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးရန်နိုင်ဝင်း၊ မင်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ယခုအစည်းအဝေး (၁၅)မိနစ်ခန့် ခေတ္တရပ်နားချိန်တွင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် အစည်းအဝေးကို (၁၀:၂၇) နာရီအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။
[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး အဆိုပြုတင်ပြမှုအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အတည်ပြုကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊

သက်တမ်းနှင့်စပ်လျဉ်းပြီး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းတင်ပြချက်အပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌနှင့်ဥက္ကဋ္ဌ။** ။လွှတ်တော်ကသဘောတူတဲ့အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးဝင်းနိုင်၊ ကျောက်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးရန်နိုင်ဝင်း၊ မင်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)အား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးအောင်ညီညီစိုး၊ ကဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဒေါ်လွယ်လွယ်ဝင်း၊ ကြို့ပင်ကောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးအောင်ဇေယျ၊ မိုးညိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးဇော်မင်းသက်၊ အုတ်တွင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ဒေါ်ခင်ခင်ဝင်း၊ အုတ်တွင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၊ ဗိုလ်မှူးလေးနိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်ကြီးမောင်မောင်လွင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို (၁၀:၃၀)နာရီတွင် ရပ်နားပါမယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၂၆ခုနှစ် ဧပြီလ(၁၀)ရက် (သောကြာနေ့) နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[ ဩဘာသံများ ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
## ပထမပုံမှန်အစည်းအဝေး
## သတ္တမနေ့ မှတ်တမ်း
## ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
## ၂၀၂၆ခုနှစ်၊ ဧပြီလ ၁၀ ရက်
## (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀:၀၀ နာရီအချိန်၌ စတင် ကျင်းပ ပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးအောင်ချိုဦးက ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

### တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေး ကို ၇၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၉၈.၆၈ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံဦးရေထက်

ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ခ)အရ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး သတ္တမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော် လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ ခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးတင်မျိုးဝင်း၊ သနပ်ပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (သတ္တမနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ သနပ်ပင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မျိုးဝင်း ဖြစ်ပါတယ်။ ကျောက်တံခါးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်ဦး သည် မိသားစုကိစ္စ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၁၀.၄.၂၀၂၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား လေးစားစွာခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက လွှတ်တော်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးမျိုးဆွေဝင်း၊ ပဲခူးမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)**က ကတိသစ္စာပြုရန်အတွက် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်သို့ ကြွရောက်နေရာယူပေးရန် ဖြစ်ပြီး ကတိသစ္စာပြုချက်ကို လွှတ်တော်ဥက္ကဋ္ဌမှ တိုင်ပေးပါမည်။ ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကိုလက်နှစ်ဘက်ဖြင့် စနစ်တကျကိုင်တွယ်၍ သတ်မှတ်ထားသောနေရာ၌ ကတိသစ္စာရွတ်ဆိုပြီး မိမိနေရာတွင် ပြန်လည် နေရာယူပေးဖို့ ဖြစ်ပါတယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် ဖိတ်ကြားထားသူ များမှလည်း မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်

## ကတိသစ္စာပြုချက်
## [နည်းဥပဒေ ၆၀ နှင့် ၆၁ ]

"ကျွန်ုပ် ဦးမျိုးဆွေဝင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်း ရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက လွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်လွင်လွင်အေးကျော်**က ကတိသစ္စာပြုရန်အတွက် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်သို့ ကြွရောက်နေရာယူပေးရန်ဖြစ်ပြီး ကတိသစ္စာ ပြုချက်ကို လွှတ်တော်ဥက္ကဋ္ဌမှ ဖတ်ကြားပေးပါမည်။ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို လက်နှစ်ဘက်ဖြင့်စနစ်တကျကိုင်တွယ်၍ သတ်မှတ်ထားသောနေရာ၌ ကတိသစ္စာရွတ်ဆိုပြီး မိမိ နေရာတွင် ပြန်လည်နေရာယူပေးဖို့ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် ဖိတ်ကြားထားသူများမှလည်း မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်

## ကတိသစ္စာပြုချက်
## [နည်းဥပဒေ ၆၀ နှင့် ၆၁ ]

"ကျွန်ုပ် ဒေါ်လွင်လွင်အေးကျော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်း ရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပဲခူးတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့် ၆၁ အရ **တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်** တို့က ကတိသစ္စာပြုရန်အတွက် လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်သို့ ကြွရောက်နေရာယူပေးရန်ဖြစ်ပြီး ကတိသစ္စာပြုချက်ကို လွှတ်တော်ဥက္ကဋ္ဌမှ ဖတ်ကြားပေးမည်ဖြစ်ပါ၍ ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံပဒေစာအုပ်ကို လက်နှစ်ဘက်ဖြင့် စနစ်တကျကိုင်တွယ်၍ သတ်မှတ်ထားသောနေရာ၌ ကတိသစ္စာရွတ်ဆိုပြီး မိမိနေရာတွင် ပြန်လည် နေရာယူပေးဖို့ ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် ဖိတ်ကြားထားသူ များမှလည်း မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်

## ကတိသစ္စာပြုချက်
## [နည်းဥပဒေ ၆၀ နှင့် ၆၁ ]

"ကျွန်ုပ်-----------------သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်

ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီး တရားသူကြီးများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက လွှတ်တော်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- **တိုင်းဒေသကြီး တရားသူကြီးများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ** တို့က ကတိသစ္စာပြုရန်အတွက် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်သို့ ကြွရောက်နေရာယူပေးရန်ဖြစ်ပြီး ကတိသစ္စာပြုချက်ကို လွှတ်တော်ဥက္ကဋ္ဌမှ ဖတ်ကြားပေးမည်ဖြစ်ပါ၍ ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို လက်နှစ်ဘက်ဖြင့် စနစ်တကျကိုင်တွယ်၍ သတ်မှတ်ထားသောနေရာ၌ ကတိသစ္စာရွတ်ဆိုပြီး မိမိနေရာတွင် ပြန်လည်နေရာယူပေးဖို့ ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် ဖိတ်ကြားထားသူများမှလည်း မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီး တရားသူကြီးများ

### ကတိသစ္စာပြုချက်
### [နည်းဥပဒေ ၆၀ နှင့် ၆၁ ]

"ကျွန်ုပ် ---------------------သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး တရားသူကြီးများက ကြိုတင်ဝေငှထားသည့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် တိုင်းဒေသကြီး တရားသူကြီးများက ကြိုတင်ဝေငှထားသည့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးမှာဖြစ်သည့်အတွက် မိမိတို့ထံတွင်ကြိုတင်ဝေငှထားသည့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပေးပါရန်နှင့် အစည်းအဝေးပြီးဆုံးပါက ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးဝန်ထမ်းများမှ လိုက်လံသိမ်းဆည်းမည်ဖြစ်ပါ၍ ကတိသစ္စာပြုလွှာများအား မိမိတို့၏ စားပွဲများပေါ်တွင် ထားခဲ့ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

(ကတိသစ္စာပြုလွှာပေါ်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် တိုင်းဒေသကြီးတရားသူကြီးများက လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ပါသည်။)

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကား မြွက်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား မြွက်ကြွားပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဝန်ကြီးချုပ်**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသူအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါသည်။

ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဦးဆောင်ခွင့်ရအောင် စိစစ်သဘောတူရွေးချယ်ပေးခဲ့သည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် တိုင်းဒေသကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်၊ အကောင်အထည်ဖော်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း ဦးစွာပြောကြားလိုပါသည်။

မိမိတို့ တိုင်းဒေသကြီးသည် အကျယ်အဝန်းအားဖြင့် **၁၅၂၁၄.၁၃ စတုရန်းမိုင်** ကျယ်ဝန်းပြီး ခရိုင်(၆)ခရိုင်၊ မြို့နယ်(၂၈)မြို့နယ်ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားရှိပြီး မြောက်ဘက်တွင် နေပြည်တော်၊ အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်၊ တောင်ဘက်တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် အနောက်ဘက်မှာတော့ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့နှင့်

ထိစပ်လျက်ရှိ၍ **လူဦးရေ(၅)သန်းနီးပါး** စုပေါင်းနေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် တိုင်းဒေသကြီးတစ်ခု ဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ငံတော်နှင့် ပြည်သူအများစု၏ လိုအင်ဆန္ဒပန်းတိုင်သည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းရေးဖြစ်ပြီး ထိုပန်းတိုင်ကို အမြန်ဆုံးရောက်ရှိရန်အတွက် ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးဟာ အလွန်ပင်အရေးကြီးပါသည်။ ဒီမိုကရေစီခရီးလမ်းလျှောက်လှမ်းနိုင်ရန်အတွက် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ကြားကပင် နိုင်ငံတော် အစိုးရက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သည့်အတွက် ပြည်သူက ရွေးကောက်တင်မြှောက်လိုက်သည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်များ၊ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ အစိုးရအဖွဲ့များ၊ တရားစီရင်ရေးမဏ္ဍိုင်ဖြစ်တဲ့ တရားလွှတ်တော်များ ပေါ်ပေါက်လာပြီဖြစ်ပါသည်။

တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလိုအပ်တဲ့အချက်ကတော့ လုံခြုံမှုရှိပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပဲဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များတွင် လိုအပ်လျက်ရှိသည့် အထောက်အကူပြုစက်ပစ္စည်းကိရိယာများနှင့် လုံခြုံရေးအသုံးအဆောင်များကို ဖြည့်ဆည်းပေးခြင်း၊ ခရိုင်မြို့ကြီးများဖြစ်သော (ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပြည်၊ သာယာဝတီ၊ နတ်တလင်း)မြို့များတွင် **Safe City Project** ဖြင့် **CCTV** များ တပ်ဆင်ပေးခြင်း၊ တိုင်းဒေသကြီးအတွင်းသို့ အဓိကဝင်ပေါက်များဖြစ်သော နေရာ(၆)နေရာတွင် X-**Ray** စက်များနှင့် **CCTV Camera** များတင်ဆင်ပေးခြင်း၊ လူမှုကွန်ယက်စောင့်ကြည့်မှုများနှင့် စီမံခန့်ခွဲမှုစနစ် **(People Survillance and Management System)** ကို အသုံးပြု၍ ပြေး(၄)ပြေးများကို စစ်ဆေးဖမ်းဆီးခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီမိုကရေစီစနစ်မှာ နိုင်ငံသားတိုင်းဟာ ဥပဒေကို လေးစားလိုက်နာဖို့လိုအပ်ပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်မည်ဆိုပါက ပြစ်မှုကျူးလွန်မှုများကျဆင်းပြီး တရားဥပဒေစိုးမိုးမှုကိုလည်း ပိုမိုရရှိလာနိုင်သည့်အတွက် ပြည်သူလူထုကို စည်းရုံးပညာပေးဆောင်ရွက်ပေးဖို့လည်း တိုက်တွန်းလိုပါသည်။

ကျွန်တော်တို့ တိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် တိုင်းဒေသကြီးဖြစ်သည့်အတွက် နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများနှင့်အညီ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း **(Agro-base Industries)** လုပ်ငန်းများကို မြှင့်တင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပပို့ကုန်များရရှိအောင် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမှာဖြစ်ပါသည်။

တိုင်းဒေသကြီးအတွင်းမှာ အသားတင် **စိုက်ပျိုးမြေဧက(၃)သန်းကျော်ရှိပြီး ပန်းတိုင်သီးနှံ (၁၃)မျိုးအနက် နှမ်းစပါး၊ မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ဝါ၊ ကြံနှင့် အစေ့ထုတ်ပြောင်း သီးနှံ(၇)မျိုးကို** ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒေသအတွင်းထွက်ရှိတဲ့ စိုက်ပျိုးရေးထွက်ကုန်များအနက် **ဆန်၊ ဆီနှင့် ပဲမျိုးစုံ** တို့မှာ ဒေသဝမ်းစာ ဖူလုံပြီး ပိုလျှံမှုရှိသော်လည်း

အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များကို ဖြန့်ဖြူးတင်ပို့နိုင်ရန်အတွက် ပိုလျှံသည်ထက် ပိုလျှံအောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါသည်။

တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးရေရရှိရေးအတွက် ရေရရှိရေးနည်းလမ်းများဖြစ်သော ဆည်ရေသောက်စနစ် ရေပေးမြောင်းများပြုပြင်ခြင်း၊ ကျေးလက်ဆည်ငယ် ရေတံခါးများ ပြုပြင်ခြင်း၊ ချောင်းပိတ်မြောင်းပိတ်များ ပြုလုပ်ခြင်းနှင့် ပဲခူးအရှေ့ဘက်ခြမ်းရှိ(ပဲခူးမြစ်၊ စစ်တောင်းမြစ်)၊ အနောက်ဘက်ခြမ်းရှိ (ဧရာဝတီမြစ်၊ မြစ်မခမြစ်)များနှင့် ဒေသတွင်း ရာသီမရွေးစီးဆင်းတဲ့ ချောင်းများမှတစ်ဆင့် ဆိုလာရေတင်လုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါသည်။

တိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ပျိုးမှု **ဧက(၂၇)သိန်းကျော်**မှာ ရေတော်မိုးတော်စိုက်ဧက **သိန်း(၂၀)**ကျော်ရှိပြီး ရေကြီးကွင်း/ရေနက်ကွင်းဧက **(၅)သိန်း**ကျော် ပါဝင်နေတဲ့အတွက် ရေကြီးကွင်း/ ရေနက်ကွင်းများရှိ လယ်ယာမြေများအား ရေတော်၊ မိုးတော် စိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် **ရေကြီးရေလျှံလျော့ပါးရေးလုပ်ငန်း (၁၀၃)ခုကို** ဆောင်ရွက်ရန် စီမံချက်ရေးဆွဲထားရှိပါတယ်။ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် **လုပ်ငန်း(၆၂)ခုဖြင့်** အကျိုးပြု **ဧက(၃)သောင်း (၇)ထောင်ကျော်**ရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပြီး ကျန်လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းများအနေဖြင့် တိုင်းဒေသကြီးအတွင်းမှာ တိရစ္ဆာန်မွေးမြူခြင်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်မွေးမြူခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူခြင်းများ ဆောင်ရွက်ကြတဲ့အတွက် ဒေသတွင်းဖူလုံပိုလျှံမှုရှိသော်လည်း အခြားသောပြည်နယ်၊ တိုင်းများသို့ ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်သွားမည့်အပြင် MSME လုပ်ငန်းများသည် စားသောက်ကုန်လုပ်ငန်းများသာ လုပ်ဆောင်နေကြသည့်အတွက် စက်မှုကဏ္ဍကို ပိုမိုကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓါတ်အားလိုအပ်ချက်ကို နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အားရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး တိုင်းဒေသကြီးအတွင်း မီးလင်းရန်ကျန်ရှိသော ကျေးရွာ (၁၆၇၀)ရွာကိုလည်း လျှပ်စစ်မီးရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါသည်။

GDP အနေဖြင့် ကျွန်တော်တို့စတင်တာဝန်ယူခဲ့တဲ့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ပြီးခဲ့တဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် ရည်မှန်းချက်ထက် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းမှာ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှာလည်း **(၁၈၇၃၈.၆၃)ဘီလီယံ** ရည်မှန်းထားပြီးတော့ ယခင်နှစ်ထက် (၃)% တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခုနှစ်တွင် **ကဏ္ဍကြီး(၃)ရပ်အနေဖြင့် လယ်ယာကဏ္ဍကြီးမှာ (၆၉၇၄.၇၄) ဘီလီယံဖြင့် (၃၇.၂)%၊ စက်မှုကဏ္ဍကြီးမှာ (၅၁၄၃.၀၇)ဘီလီယံဖြင့် (၂၇.၅)%နှင့် ဝန်ဆောင်မှုကဏ္ဍကြီးမှာ (၆၆၂၀.၈၁)ဘီလီယံဖြင့် (၃၅.၃)%** ပါဝင်ဆောင်ရွက်ရမှာဖြစ်ပြီးတော့ လာမည့် (၅)နှစ်မှာလည်း ကဏ္ဍကြီးများအလိုက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လူတစ်ဦးချင်းဝင်ငွေအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် **(၃၈,၅၅၆၇၅) (၃၈ သိန်း ၅ သောင်း ၅ ထောင် ၆၇၅ ကျပ်)** ရှိခဲ့ပြီး ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် **(၄၂,၀၇၄၄၂) (၄၂ သိန်း ၇ ထောင် ၄၄၂ ကျပ်)** ရရှိနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပြီး လာမည့်(၅)နှစ်တာကာလမှာလည်း လူတစ်ဦးချင်း ဝင်ငွေပိုမိုတိုးတက်ရရှိအောင် ဆောင်ရွက်သွားရမှာဖြစ်ပါသည်။

ပညာရေးနှင့် ကျန်းမာရေးဟာ တိုင်းပြည်ရဲ့အသက်ဖြစ်ပြီး ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်တဲ့အခါမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာကျောင်း **(၁၄)ကျောင်း**နှင့် အခြေခံပညာကျောင်း **(၄၉၆၉)ကျောင်း**တွင် ကျောင်းသား/ကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရက **KG+9** အား မသင်မနေရ ပညာရေးစနစ် ပြဋ္ဌာန်းထားတဲ့အတွက် တိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့် အလယ်တန်းပညာပြီးမြောက်ရေးအတွက် မိဘပြည်သူများကို တိုက်တွန်းနှိုးဆော် ကူညီပေးသွားဖို့ ပြောကြားလိုပါသည်။

အခြေခံပညာကဏ္ဍမှာ တန်းစဉ်ကူးပြောင်းမှု နည်းပါးတာကို တွေ့ရတဲ့အတွက် အတန်းပညာစဉ်ဆက်မပြတ် ဆက်လက်သင်ကြားနိုင်ရေး စည်းရုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အရွယ်ရောက်ပြီး ပညာသင်ကြားနိုင်ခြင်းမရှိသော လူငယ်များအတွက် ကျောင်းပြင်ပပညာရေးများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောင်းဆက်လက်တက်ရောက်နိုင်ခြင်း မရှိတဲ့ အရွယ်ရောက်ကလေးများကိုလည်း ဘဝရပ်တည်နိုင်စေရေး အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဒါ့အပြင် တိုင်းဒေသကြီးအတွင်းမှာ **စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း (၆)ကျောင်း** ဖွင့်လှစ်ထားရှိပြီး အခြေခံပညာအလယ်တန်းအဆင့် **Grade-9** အောင်မြင်ပြီးသူများ တက်ရောက်နိုင်သဖြင့် တက်ရောက်သူများအနေဖြင့် ပညာသင်ကာလ (၃)နှစ်ပြီးပါက အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီလီမိတက်များ၊ ကိုယ်ပိုင်လုပ်ငန်းများမှာ ကျွမ်းကျင်လုပ်သားများအဖြစ် လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ပညာဆက်လက်သင်ကြားလိုသူများအနေဖြင့်လည်း **စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံကျောင်းများ၊ ငါးလုပ်ငန်းသိပ္ပံကျောင်းများမှတစ်ဆင့်** စိုက်ပျိုးရေး တက္ကသိုလ်များ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များကို ဆက်လက်တက်ရောက်နိုင်မှာဖြစ်တဲ့ အတွက် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးနှင့် တက်ရောက်နိုင်ရေးအတွက် ဝိုင်းဝန်း စည်းရုံး ဆောင်ရွက်ပေးသွားဖို့လည်း လိုအပ်ပါတယ်။

ကျန်းမာရေးမြှင့်တင်ရေးအတွက် တိုင်းဒေသကြီးအတွင်း ဆေးရုံ၊ ဆေးခန်းများတွင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ပဲခူးဆေးရုံကြီး(ကလိ)ကိုလည်း မကြာခင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့

အသက်ရှည်နေထိုင်နိုင်ရေးနှင့် နိုင်ငံသားများ၏မျှော်မှန်းသက်တမ်း တိုးမြင့်လာစေရေးအတွက်လည်း ပုဂ္ဂလိကအဖွဲ့အစည်းများ **NGO/INGO** အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

တိုင်းဒေသကြီးအတွင်းမှာ **UNESCO** အသိအမှတ်ပြု သရေခေတ္တရာမြို့ဟောင်းရှိပြီး ကေတုမတီမြို့ဟောင်း၊ ဟံသာဝတီမြို့ဟောင်း (ကမ္ဗောဇသာဒီနန်းတော်)များကဲ့သို့ ရှေးဟောင်းသမိုင်းဝင်အမွေ အနှစ်များတည်ရှိပြီး ပြုပြင်ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ရှေးဟောင်းသမိုင်းဝင်စေတီတော်များအား ပြည်သူများ အလွယ်တကူ ဖူးမျှော်နိုင်ရေးအတွက် **PAGODA DIGITAL DIRECTORY (BAGO REGION)** အား **Website** လွှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ အဲဒီရှေးဟောင်းအမွေအနှစ်များကို မပျောက်ပျက်အောင်ဝိုင်းဝန်းထိန်းသိမ်းပြီး ပြည်တွင်း/ပြည်ပခရီးသွားပြည်သူများကို စွဲဆောင်နိုင်တဲ့နေရာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ တိုင်းဒေသကြီးလွှတ်တော်၊ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တရားစီရင်ရေးမဏ္ဍိုင်ဖြစ်တဲ့ တိုင်းဒေသကြီးတရားလွှတ်တော်အဖွဲ့အစည်းများနှင့်အတူ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူတွေရဲ့ နား၊ မျက်စိတွေ ဖြစ်တဲ့အတွက်အစိုးရအဖွဲ့ဝင်တွေကိုယ်စား ပြည်သူတွေရဲ့လိုအပ်ချက်နဲ့ လိုလားချက်တွေကို ဝိုင်းဝန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးတဲ့သူတွေလို သဘောထားပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါသည်။

## တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များအား လွှတ်တော်ဥက္ကဋ္ဌက တင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များအား လွှတ်တော်ဥက္ကဋ္ဌက တင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်းကိုဆောင်ရွက်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များဖြစ်သော−

- (၂၀.၃.၂၀၂၆)ရက်နေ့တွင် သဘာပတိ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ သဘာပတိနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ဥက္ကဋ္ဌနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

- (၂.၄.၂၀၂၆)ရက်နေ့တွင် **ပြည်ထောင်စုလွှတ်တော် နာယက** က ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေရေးရာကိစ္စရပ်များ လေ့လာရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဖွဲ့စည်းခြင်း၊

- (၃.၄.၂၀၂၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်း၊

- (၆.၄.၂၀၂၆)ရက်နေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးဌာနအရေအတွက်၊ ဝန်ကြီးဦးရေ၊ တရားလွှတ်တော်တရားသူကြီးဦးရေ သတ်မှတ်ခြင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်၊ လမ်းပန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း၊

- (၇.၄.၂၀၂၆) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်း၊

- (၉.၄.၂၀၂၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း၊

- (၁၀.၄.၂၀၂၆)ရက်နေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် တိုင်းဒေသကြီးတရားသူကြီးများ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားမြွက်ကြားခြင်းတို့အား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ချက်များအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်း တင်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမပုံမှန်လွှတ်တော် အစည်းအဝေးကာလမှာ အားလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြလို့ အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။

ဆက်လက်ဆောင်ရွက်ကြရမည့် လွှတ်တော်လုပ်ငန်းစဉ်များတွင် တိုင်းဒေသကြီးလွှတ်တော် ဥပဒေ၊ နည်းဥပဒေတွေအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ပထမပုံမှန်အစည်းအဝေးကာလအတွင်းမှာ လွှတ်တော်လုပ်ငန်းစဉ်တွေဖြစ်တဲ့ သဘာပတိ ရွေးချယ်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌရွေးချယ်ခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ကတိသစ္စာပြုခြင်း စသည့်လုပ်ငန်းစဉ်များအပြင် တရားသူကြီးချုပ် အပါအဝင် တရားသူကြီးများကိုပါ အတည်ပြုပေးနိုင်ခဲ့ကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုအခါလွှတ်တော်ကော်မတီ အသီးသီးကိုလည်း ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ကော်မတီလုပ်ငန်းများကို သတ်မှတ်တာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ကိုယ်စား လှယ်များ၏ တာဝန်နှင့် ကော်မတီများ၏ တာဝန်ကို ကွဲပြားစွာသိရှိနားလည်ဖို့နှင့် ဆက်လက် ဆောင်ရွက်ရမည့် တိုင်းဒေသကြီးဒေသန္တရစီမံကိန်း၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအရအသုံးဆိုင်ရာ များနှင့်ပတ်သက်သည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရဦးမှာ ဖြစ်ပါတယ်။

နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင်လည်း ပြည်သူများ၏ လိုအပ်ချက်များကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ကော်မတီများတွင် စိစစ်အတည်ပြုခြင်း များကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်ပိုင်နိုင်ဖို့အတွက် လွှတ်တော်ရပ်နားထားသည့် အချိန်များတွင် ကြိုတင်လေ့လာထားကြဖို့ ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် လာမည့်မြန်မာ့နှစ်သစ်ကူးအခါသမယတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအပါအဝင် တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအားလုံး

ကျန်းမာပျော်ရွှင်သည့် နှစ်သစ်မင်္ဂလာဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

## တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို (၁၀:၃၇)နာရီတွင် ရပ်နားပါမယ်။ တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။

**[ သြဘာသံများ ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။